# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပညာပြဿနာ အဖြေရှာ | ၁ |
| ၂။ | နိဒါန်း | ၁ |
| ၃။ | ပညာဆိုတာ ဘာလဲ | ၅ |
| ၄။ | ဉာဏ်ပညာဆိုတာ ဘာလဲ | ၁၀ |
| ၅။ | ဆင်ခြင်တုံတရားဆိုတာ ဘာလဲ | ၁၃ |
| ၆။ | သိခြင်း၊ တတ်ခြင်းသည် ပညာလား | ၁၇ |
| ၇။ | ဘဝနေထိုင်မှုပညာ | ၃၈ |
| ၈။ | သိပ္ပံက ရှင်းပြတဲ့လူ | ၄၄ |
| ၉။ | ဗုဒ္ဓရှင်းပြတဲ့လူ | ၆၅ |
| ၁၀။ | သိပ္ပံနည်းကျဘဝနေထိုင်မှုပညာ | ၁၁၈ |
| ၁၁။ | ဘဝနေထိုင်မှုပညာမှာ ဗုဒ္ဓနဲ့သိပ္ပံ ဘာကွာသလဲ | ၁၂၅ |
| ၁၂။ | ဘာသာရေးနှင့် ကိုးကွယ်ယုံကြည်မှု၊ အသိပညာ၊ အတတ်ပညာ | ၁၄၆ |
| ၁၃။ | မြန်မာနိုင်ငံနဲ့ ဘာသာတရား | ၁၆၅ |
| ၁၄။ | အသိပညာဆိုင်ရာ | ၁၆၆ |
| ၁၅။ | မှားခြင်းရဲ့ အနုပညာ | ၁၇၄ |
| ၁၆။ | လူကြီးတွေရော စာဖတ်သလား | ၁၈၇ |
| ၁၇။ | စာမတတ်သူနှင့် စာဖတ်ပျင်းသူများအတွက် စာဖတ်နည်းလမ်း | ၁၈၉ |
| ၁၈။ | မြန်မာတို့ အသိပညာဆိုင်ရာ နိမ့်ကျသလား | ၁၉၅ |
| ၂၀။ | အတတ်ပညာဆိုင်ရာ | ၂၀၅ |
| ၂၁။ | အတန်းပညာရေး | ၂၃၆ |
| ၂၂။ | မြှင့်တင်ရမည့်ကျောင်းဆရာတို့ဘဝ | ၂၄၃ |
| ၂၃။ | ဘယ်သူစီမံဆောင်ရွက်မှာလဲ | ၂၆၇ |
| ၂၄။ | ပုဂ္ဂလိကကျောင်းများ၊ ဘော်ဒါကျူရှင်များ လိုအပ်သလား | ၂၇၀ |
| ၂၅။ | အတန်းပညာမြှင့်တင်ရေး | ၂၇၄ |
| ၂၆။ | ကိုယ်တိုင်သင်ယူကြသူများ (Autodidacticism) | ၂၇၉ |
| ၂၇။ | ကိုယ်တိုင်သင်ယူခြင်းကို ထိခိုက်စေသောအချက်များ | ၃၀၂ |
| ၂၈။ | သုတေသနလုပ်ငန်းများ | ၃၁၄ |
| ၂၉။ | မြန်မာနိုင်ငံအတန်းပညာရေးမြှင့်တင်ရေးစီမံချက် | ၃၁၇ |
| ၃၀။ | နိဂုံး | ၃၃၆ |


# စာရေးသူ၏ စကားဦး

ပညာပြဿနာ အဖြေရှာစာအုပ်လေးကို ၂၀၁၄ ခုနှစ်မှာ ရေးသားပြီးစီးခဲ့တာ ဖြစ်ပါတယ်။ ရေးသားစဉ်ကတော့ ပညာရေးမြှင့်တင်မှုစာတမ်းတစ်ခုအနေနဲ့ ရေးသားပြုစုခဲ့တာဖြစ်ပြီး၊ စာအုပ်ထုတ်ဖို့စီစဉ်တဲ့အခါမှာ စာမျက်နှာများနေတာကြောင့် တစ်အုပ်မက နှစ်အုပ်ဆိုရင်လည်း မရတဲ့အပြင် နှစ်အုပ်ခွဲတဲ့အခါ စိတ်ဝင်စားမှုနည်းပါးနိုင်တာဖြစ်လို့ မထုတ်ဝေဖြစ်ခဲ့ပါဘူး။

သို့ပေမယ့် စာအုပ်လေးရေးပြီးမှတော့ ဖတ်သူတွေလက်ထဲကို ဘယ်လိုရောက်ရောက်ဆိုတဲ့စိတ်နဲ့ The Voive ဂျာနယ်က ဆရာကိုကျော်မင်းဆွေဆီကို စာမူတွေပို့ပေးခဲ့ပါတယ်။ အဲအချိန် ကျွန်တော်က The Voice ဂျာနယ်မှာ ကိုမင်းမောင်ဆိုတဲ့ ကလောင်နဲ့ပဲ နိုင်ငံရေးအတွေးအမြင်လေးတွေ ရေးနေတာဖြစ်ပါတယ်။ ဒါကြောင့် ဆရာကိုကျော်မင်းဆွေက The Voice ရဲ့ ပညာရေးကဏ္ဍမှာ အခန်းဆက်ဆောင်းပါးများအဖြစ် ဖော်ပြတဲ့အခါ မင်းမော်ဆိုတဲ့ ကလောင်ခွဲအနေနဲ့ ဖော်ပြပေးခဲ့ပါတယ်။

ဆရာကိုကျော်မင်းဆွေ ခွဲပေးခဲ့တဲ့ ကလောင်နာမည် မင်းမော်ဆိုတာကိုလည်း သဘောကျပါတယ်။ ကြိုက်ပါတယ်။ သို့ပေမယ့် ကျွန်တော်လေးစားရတဲ့ ကွယ်လွန်သွားပြီဖြစ်တဲ့ ဆရာတက္ကသိုလ်မင်းမော်ရဲ့ ကလောင်နဲ့ဆင်နေတာမို့ ဒီစာအုပ်လေး ထုတ်ဝေဖြစ်တဲ့အခါ ကိုမင်းမောင်ကလောင်နာမည်ကို ပြန်ပြီးသုံးတာ ဖြစ်ပါတယ်။ ဒီစာအုပ်လေးကိုပဲ မှတ်စုကြမ်း Page မှာ ပညာရေးအတွက် သဲတစ်ပွင့်ဆိုပြီး တင်ပေးခဲ့ဖူးပါတယ်။ အခုလည်း စာမျက်နှာတွေပြန်လျှော့ တစ်အုပ်စာပြန်စီစဉ်ပြီး ကျွန်တော်တို့နိုင်ငံရဲ့ ပညာနဲ့အတွေးအခေါ် ဘဏ်တိုက်ထဲကို ကျွန်တော်တတ်နိုင်တဲ့ အကြွေစေ့လေးတစ်စေ့ ထည့်ဝင်လိုက်ခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ပညာရေးပြုပြင်ပြောင်းလဲမှုအတွက် အသံတွေကျယ်လောင်ပေမယ့် တကယ့်လက်တွေ့မှာ ဘယ်လိုပြောင်းကြမလဲဆိုတဲ့ စီမံချက်တွေရယ် လက်တွေ့လုပ်ဆောင်မှုရယ်တွေက တိုးတိတ်လွန်းနေပါတယ်။ တစ်နိုင်ငံလုံးဆိုင်ရာ ပညာရေးမြှင့်တင်မှုကို ပုဂံခေတ်ကတည်းက မမြှင့်တင်ခဲ့ရသေးဘူးလို့ ဆိုချင်ပါတယ်။ သေချာတောင် မတည်ဆောက်ရသေးဘူးလို့ လွန်လွန်ကျူးကျူး ပြောခဲ့ရင်တောင် ငြင်းဖို့မတတ်နိုင်သေးပါဘူး။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးနိမ့်နေရင် မြှင့်တင်ရမယ့် တာဝန်က ကျွန်တော်တို့မှာပဲ ရှိတာပါ။

အရင်လူတွေမလုပ်ခဲ့ရင် အခုလူတွေ လုပ်ရမှာလို့ ပြောချင်ပါတယ်။ ဒါမှလည်း ပညာရည်နိမ့်ကျနေလို့ ဖြစ်တဲ့ပြဿနာတွေလည်း အထိုက်အလျောက် ပြေလည်သွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးစနစ် နိမ့်ကျတဲ့ပုံစံဟာ ပညာရေးစနစ်မြင့်တက်ခဲ့ပြီးမှ နိမ့်ကျသွားတဲ့ပုံစံမျိုး မဟုတ်ပါဘူး။ တိုးတက်ဖို့ကို အားမထည့်ခဲ့သေးတာ ဖြစ်ပါတယ်။ တိုးတက်အောင် ရည်ရွယ်ချက်ရှိရှိ မဆောင်ရွက်ရသေးတာပဲ ဖြစ်ပါတယ်။ နိုင်ငံတော်အဆင့် တစ်မျိုးသားလုံးပါဝင် မဆောင်ရွက်ရသေးတာပဲ ဖြစ်ပါတယ်။

စနစ်တကျ တွေးခေါ်စဉ်းစားပြီး မြှင့်တင်ဖို့မကြိုးစားရသေးတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ခေတ်မှာတော့ နိုင်ငံတော်အဆင့် တစ်မျိုးသားလုံး ပညာရေးမြှင့်တင်ဖို့ ကြိုးစားရမှာပဲ ဖြစ်ပါတယ်။ ပညာရေးမြှင့်တင်မှုဟာ ခက်ခဲပါတယ်။ အရိုးစွဲလာတဲ့ အတွေးအခေါ် အယူအဆတွေကို အရင်ပြောင်းလဲရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ အတွေးအခေါ်မပြောင်းလဲရင် ပညာရေးမြှင့်တင်လို့ မရပါဘူး။ လူတွေမှာ အကြီးမားဆုံးသော အခက်အခဲက အတွေးအခေါ်ပြောင်းလဲဖို့ပါပဲ။ ဒါဟာ ကျွန်တော်တို့ နိုင်ငံတစ်ခုလုံးအတွက် ကြီးမားသောစိန်ခေါ်မှု ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဒီစိန်ခေါ်မှုတွေကို သတ္တိရှိရှိ၊ ရိုးရိုးသားသား၊ စေတနာနဲ့ ရင်ဆိုင်ကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီပညာပြဿနာ အဖြေရှာစာတမ်းလေးမှာ ပညာနဲ့သက်ဆိုင်တဲ့ အတွေးအခေါ် အယူအဆတွေကို အစိပ္ပါယ်တိကျအောင် ပေါ်လွင်အောင် လေ့လာတင်ပြထားပါတယ်။ ဒီလိုမျိုးပေါ်လွင်အောင် ချဉ်းကပ်ရတဲ့အခါမှာ မြန်မာနိုင်ငံသားတို့ရဲ့ အတွေးအခေါ် မူလအရင်းအမြစ်ဖြစ်တဲ့ ဗုဒ္ဓဓမ္မကိုလည်း ချဉ်းကပ်လေ့လာ တင်ပြထားပါတယ်။ ဗုဒ္ဓရဲ့ ဘဝနေနည်းပညာ သိပ္ပံရဲ့ ရှင်းလင်းဖော်ပြချက်တွေနဲ့ တိုက်ဆိုင်ယှဉ်တွဲပြီး တင်ပြထားပါတယ်။ အထူးသဖြင့် မိမိရဲ့ ပညာရည်တိုးတက်မြင့်မားရေးအတွက် ကိုယ်တိုင်တာဝန်ယူချင်တဲ့ လူငယ်များ၊ ကောင်းမွန်တဲ့ လူ့အသိုင်းအဝိုင်းကို စနစ်တကျ ပြောင်းလဲလိုတဲ့ လူလတ်များကို ဆွေးနွေးတင်ပြလိုရင်း ဖြစ်ပါတယ်။

ဒီစာတမ်းလေးဟာ အတန်းပညာမြှင့်တင်ရေး သီးသန့်စာအုပ်မဟုတ်ပါဘူး။ အတန်းပညာဆိုတာက လက်တွေ့ဘဝထဲက ထွက်လာတဲ့ပညာရဲ့ အစိတ်အပိုင်းတစ်ခုမျှသာဆိုတာ ပေါ်လွင်စေပြီး စာသင်ခန်းကို လာနိုင်သူရော၊ မလာနိုင်သူပါ၊ စာဖတ်တတ်သူရော၊ စာမတတ်သူရော၊ စာဖတ်သူရော၊ စာမဖတ်သူများပါ လက်တွေ့ဘဝမှာ ကျင်လည်တဲ့အခါ ပြဿနာဖြေရှင်းနိုင်မှုစွမ်းရည်မြင့်မားစေဖို့ ရည်ရွယ်တဲ့ ပညာရည်မြှင့်တင်မှု စာတမ်းလေးဖြစ်ပါတယ်။

နောက်ပြီး မြန်မာနိုင်ငံရဲ့ ပညာရေးမြှင့်တင်ဖို့ကြိုးစားတဲ့အခါ မြန်မာနိုင်ငံဟာ ဘယ်နေရာမှာ ရောက်နေသလဲ၊ မြန်မာတို့ရဲ့ မူလဗီဇအတွေးအခေါ် အယူအဆတွေက ဘယ်လိုလဲဆိုတာသိမှ ဘယ်လိုမြှင့်တင်မလဲ၊ ဘယ်လိုပြောင်းလဲရမလဲဆိုတာ သိမှာပါ။ ဒါကြောင့် ပညာရေးမြှင့်တင်မှုကို သူများနိုင်ငံတွေကနေ ပုံတူကူးချလို့ မလွယ်ကူပါဘူး။ မြန်မာနိုင်ငံရဲ့ ပညာရေးကို မြန်မာတွေကပဲ မြှင့်ဖို့ကြိုးစားတာဟာ သဘာဝကျပါတယ်။ မြန်မာနိုင်ငံရဲ့ ပညာရေးကို မြှင့်တင်ဖို့ကြိုးစားနေကြတဲ့ ရဟန်းပညာရှိ၊ လူပညာရှိများအကြားမှာ သဲတစ်ပွင့် အုပ်တစ်ချပ်အဖြစ် ပါဝင်ခွင့်ရရှိဖို့ ဒီစာတမ်းလေးကို ကြိုးစားရေးသားခဲ့ခြင်း ဖြစ်ပါတယ်။

ဒီစာတမ်းလေးအတွက် ငယ်စဉ်ကတည်းကနေ သင်ကြားပေးခဲ့ကြတဲ့ ဆရာသမားများ၊ လုပ်ဖော်ကိုင်ဖက်များ၊ ညီအစ်ကိုမောင်နှမများ၊ နှစ်ဖက်သောမိဘများ၊ သားလေးတွေနဲ့ ဇနီးသည်မရီလေးကို ကျေးဇူးတင်ရှိပါတယ်။ အထူးသဖြင့် ဗုဒ္ဓအတွေးအခေါ်များနှင့် ထိတွေ့သင်ကြားပေးခဲ့ပါသော ကွယ်လွန်သွားပြီဖြစ်တဲ့ ကျွန်တော့်ဘကြီး ဦးထွန်းဖေ၊ တောင်တွင်းနတ်မှီတောရဆရာတော်ကြီး အရှင်ဥက္ကဋ္ဌအား ရိုသေစွာဖြင့် ကျေးဇူးဦးတင်အပ်ပါသည်။ မြန်မာနိုင်ငံသားအားလုံး ပညာရည်မြင့်မားပြီး ပြဿနာများကို အောင်မြင်အေးချမ်းစွာ ဖြေရှင်းနိုင်ကြပါစေကြောင်း လေးစားစွာဖြင့် ဆန္ဒပြုပါတယ်ခင်ဗျာ။

ကိုမင်းမောင်